**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**ကျန်းမာရေးဦးစီးဌာန**

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန**

အကြောင်းအရာ။ **ဆေးဝါးမှတ်ပုံတင်ခြင်းကိစ္စ။**

၁။ ဆေးဝါးမှတ်ပုံတင်လျှောက်ထားရာတွင် အချို့ကုမ္ပဏီများသည်Registration Guideline ပါအချက်များကို လိုက်နာခြင်းမရှိဘဲ၊ ဆေးဝါးမှတ်ပုံတင်စိစစ်ခပေးသွင်းပြီး သက်မှတ်(၆)လကာလကျော်လွန်ပြီးမှ စာအုပ်အပ်နှံခြင်း၊ ဆေးနမူနာအပ်နှံခြင်း၊ ပေးပို့သည့် ဆေးနမူနာများသည် သက်တမ်းကုန်ဆုံးရက် နီးခြင်း၊ ဆေးနမူနာထုပ်ပိုးပုံမသေသပ်ခြင်း၊ Sticker များကပ်ခြင်း၊ ဆေးနမူနာအပ်နှံရက်နှင့် စာအုပ်အပ်နှံရက် အချိန်ကာလကြာရှည်စွာ ဆောင်ရွက်ခြင်းများကြောင့် မှတ်ပုံတင်ခြင်းကိစ္စရပ်များတွင် ဆိုင်းငံ့ထားရခြင်းများရှိနေပါသည်။

၂။ သို့ပါ၍ ဆေးဝါးမှတ်ပုံတင်စိစစ်ခပေးသွင်းပြီး သတ်မှတ်ကာလအတွင်း စာအုပ်နှင့် နမူနာအပ်နှံရန်၊ နမူနာဆေး၏ ဘူးခွံ၊ အမှတ်တံဆိပ်တို့သည် သတ်မှတ်ချက်နှင့် ကိုက်ညီရန်နှင့် ဆေးဘူးခွံ ပေါ်တွင် Registration Sample ဟု ရိုက်နှိပ်ဖော်ပြရန်နှင့် သက်တမ်းကောင်းမွန်သော (ဆေးသက်တမ်း၏ သုံးပုံ လေးပုံရှိရန်)၊ ဆေးဝါး၏ ဓါတ်ခွဲအခြေမှုရင်းနှင့်အတူ ဆေးအပ်ရန်လိုအပ်ပါကြောင်း အသိပေးအပ် ပါသည်။

၃။ အထက်ပါအတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် ဆေးနမူနာများအတွက်၊ မှတ်ပုံတင်ခြင်းကိစ္စ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

( ဒေါက်တာဇော်ဦး )
ညွှန်ကြားရေးမှူး (အစာ/ဆေးဝါး)

စာအမှတ်၊ အစဆ/၁(က) ၂၀၁၇/ ၂၇၄
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၁၄ )ရက်။

<u>ဖြန့်ဝေခြင်း။</u>

၁။ ဥက္ကဋ္ဌ၊ ဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများနှင့်လုပ်ငန်းရှင်အသင်း။
၂။ ဆေးကုမ္ပဏီများ။

မိတ္တူကို -

- ဆေးဝါးအကြံပေးကော်မတီဝင်များ။